
ဘာသာပြန် – အာရုံ
+5000
သောက်ကျိုးနည်း စနစ်
နှုတ်ဆိုးစားအင်ဖော်တယ်တောင်
ငါ့ကို ဆရာကြီးခေါ်ရမယ်
စာစဉ်–၃

## အခန်း ၂၁+၂၂
## အာချောင်နေသောခွေးကို ရိုက်နှက်ခြင်း

*

"သတ္တိရှိသားပဲ.."

သူ့ကို ဝိုင်းရံလာကြသော လူအုပ်ကို ကြည့်ပြီး ဂူချန်က အသာအယာ ပြုံးလိုက်သည် ။ ထို့နောက် သူ့ လက်နှစ်ဖက်ကို ဆန့်ထုတ်လိုက်ရာ အရိုး၊ အကြောနှင့် သွေးချီစွမ်းအင်များ အားလုံး ဟန်ချက်ညီစွာ တုန်ခါသွားပြီး ခန္ဓာကိုယ်မှ ပြင်းထန်သော ယန်ချီ များ ပေါက်ကွဲထွက်လာ၏ ။

သူ၏ လက်ကြီးကို ဝှေ့ယမ်းလိုက်သည်နှင့် တောက်လောင်နေသော လေလှိုင်းများက

အမြောက်ကျည်များအလား ထွက်ပေါ်လာပြီး လျှုရှိနှင့် အခြားလူတစ်ဒါဇင်ကျော်ကို တိုက်ရိုက်ထိမှန်သွားသည် ။

" ဝုန်း.."

ဝိုင်းလာသော လူတစ်ဒါဇင်ကျော်မှာ ထိုပြင်းထန်သော အားကြောင့် မြေပြင်မှ လွင့်ထွက်သွားကြ၏ ။

" ဘုန်း... ဘုန်း... ဘုန်း.."

လျှုရှိနှင့် အခြားသူများသည် နံရံများနှင့် ရိုက်မိကုန်ကြပြီး လူပုံသဏ္ဍာန် အချိုင့်ခွက်ကြီး တစ်ဒါဇင်ကျော် ဖြစ်သွားတော့သည် ။ ထိုပြင်းထန်သော ရိုက်ခတ်မှုကြောင့် တစ်ခန်းလုံးပင် သိသိသာသာ တုန်ခါသွားသည် ။

ရှီဟိုင်ဖုန်း စကားပြော၍ မဆုံးသေးမီမှာပင် သူ၏ မြင်ကွင်းများ ဝေဝါးသွားပြီး သူ၏ အသင်းဖော်များအားလုံး ပျောက်ကွယ်သွားကြ၏ ။

သူ၏ မျက်လုံးထောင့်များ တုန်ရီသွားပြီး ရှေ့မှ မြင်ကွင်းကို လုံး၀ နားမလည်နိုင်အောင် ဖြစ်သွားရသည် ။

သိုင်းပညာရှင် တစ်ဒါဇင်ကျော်ကို တစ်ကွက်တည်းဖြင့် လွင့်ထွက်သွားအောင် လုပ်လိုက်သည်လော ။

ဤသည်က ဒုတိယအဆင့်ကို ယခုမှ ရောက်ကာစ လူတစ်ယောက်၏ ခွန်အားမှ ဟုတ်၏လော ။ လာနောက်နေသည်လော ။

သို့သော် သူ စဉ်းစားနေရန် အချိန်မရှိ ။ သူ၏ ခန္ဓာကိုယ်မှ တောက်ပသော ရွှေရောင်အလင်းများ ထွက်ပေါ်လာပြီး လက်ဝါးရိပ် လေလှိုင်းများ၏ တိုက်ခိုက်မှု နယ်ပယ်မှ လွတ်ကင်းအောင် ဘယ်ဘက်သို့ အသည်းအသန် လိမ့်လိုက်ရသည် ။

" ဝုန်း.."

ပြင်းထန်သော အပူရှိန်ကြောင့် ကြမ်းပြင်မှာ ချက်ချင်းပင် လောင်ကျွမ်းသွားပြီး မီးခိုးများ ထွက်လာသည် ။ ကြောက်မက်ဖွယ် ကောင်းသော ချီလှိုင်းများမှာ ရေပြင်ပေါ်မှ လှိုင်း ဂယက်များအလား ဘေးပတ်ပတ်လည်သို့ ပျံ့နှံ့ သွားတော့သည် ။

စာသင်ခန်းထဲရှိ လေထုပင်လျှင် ထိုအပူရှိန် ကြောင့် ပုံပျက်သလို ဖြစ်သွား၏ ။ ဆယ်မီတာ ကျော် အကွာတွင် ရပ်နေသော လူများပင်လျှင် ထိုလေလှိုင်းဒဏ်ကြောင့် လွင့်ထွက်ကုန်ကြ သည် ။

" ဂူချန်... မင်း အလွန်အကျွံ မလုပ်နဲ့.."

ရုတ်တရက်ပင် ထိုအပူရှိန်ပြင်းသော လေထု မှာ ဆုတ်ဖြဲခံလိုက်ရသည် ။ ဒေါသတကြီး ဟိန်းဟောက်သံနှင့်အတူ ရှီဟိုင်ဖုန်း၏ ခန္ဓာကိုယ်မှာ ရုတ်တရက် ဖောင်းကားလာပြီး

သူ၏ ကြွက်သားများမှာလည်း အမြှောင်းအမြှောင်းထ၍ ထွက်ပေါ်လာ၏။

သူ၏ ပုံရိပ်မှာ ရှေ့သို့ လျင်မြန်စွာ တိုးဝင်လာပြီး တစ်ကိုယ်လုံးမှာ ထက်မြက်သော လုံ့စွပ်တစ်ခုအလား အပူလှိုင်းကို နှစ်ခြမ်းခွဲကာ ထိုးဖောက်လာတော့သည်။

ထို့နောက် သူ၏ ညာလက်ဖြင့် ဘယ်ဘက်လက်မောင်းရိုးကို ဆုပ်ကိုင်ကာ ဂူချန်ဆီသို့ ပြင်းထန်သော တံတောင်ရိုက်ချက်ဖြင့် တိုက်ခိုက်လိုက်သည်။

ဒုတိယအဆင့် သိုင်းကွက် - ရှစ်မျက်နှာပြိုလဲခြင်း

ဂူချန်က နေရာမှာပင် ငြိမ်သက်စွာ ရပ်နေပြီး သူ၏ ခရမ်းရောင် မျက်လုံးများက တည်ငြိမ်စွာ ကြည့်နေသည်။ ရှီဟိုင်ဖုန်း၏ ကြောက်မက်ဖွယ်ကောင်းသော တိုက်စစ်ကို ဂရုမစိုက်ဘဲ သူ၏ ဖြူ

ဖျော့သော လက်ဝါးကို ရှေ့သို့ အသာအယာ ဆန့်ထုတ်လိုက်သည် ။

"ဘုန်း.."

နှစ်ဦးသား ချက်ချင်း ထိပ်တိုက်တွေ့သွားကြသည် ။ ထိတွေ့မိသော နေရာမှ ပြင်းထန်သော ချီလှိုင်းများ ထွက်ပေါ်လာပြီး လေထုထဲမှ စိုထိုင်းဆများကို အငွေ့ပျံသွားစေကာ ပတ်ဝန်းကျင်သို့ ပျံ့နှံ့သွားတော့သည် ။

ရှီဟိုင်ဖုန်း အလွန်အမင်း ထိတ်လန့်သွားရသည်မှာ ဂူချန်သည် တစ်လက်မမှ နောက်မဆုတ်ဘဲ သူ၏ ပြင်းထန်သော တိုက်ကွက်ကို ညာလက်တစ်ဖက်တည်းဖြင့် အလွယ်တကူ ဖမ်းချုပ်ထားခြင်းကြောင့်ပင် ။

ကီလိုဂရမ် သုံးထောင်ကျော်ရှိသော အားကို လက်တစ်ဖက်တည်းဖြင့် ထိန်းထားနိုင်သည်လော ။ ဤသည်က မည်သို့ ဖြစ်နိုင်ပါမည်နည်း

။

ရှီဟိုင်ဖုန်း၏ စိတ်ထဲတွင် လုံးဝ မယုံကြည်နိုင်အောင် ဖြစ်သွားရသည် ။

သူသည် ဒုတိယအဆင့်၃ တွင် ရှိနေပြီး ဒုတိယတန်းစား သိုင်းကွက်ဖြစ်သော ရှစ်မျက်နှာပြိုလဲခြင်း ကိုလည်း အဆင့်မြင့်ဆုံးအထိ တတ်မြောက်ထားသူ ဖြစ်၏ ။ ဒုတိယအဆင့် အထွတ်အထိပ်တွင် ရှိနေသော သိုင်းပညာရှင် ပင်လျှင် ဤတိုက်ကွက်ကို ဒဏ်ရာမရဘဲ ဖမ်းနိုင်ဖို့ရန် မလွယ်ကူချေ ။

သို့သော်လည်း ဒုတိယအဆင့်ကို ယခုမှရောက်သော ဂူချန်က လက်တစ်ဖက်တည်းဖြင့် ဖမ်းလိုက်သည်လော ။ အားအများကြီး သုံးထားပုံပင် မပေါ်။ ဤသည်က ယုတ္တိမရှိပေ ။

ရှီဟိုင်ဖုန်း၏ မျက်လုံးများ ပြူးကျယ်သွားသည် ။ တစ်စုံတစ်ခုကို ရုတ်တရက် သတိပြုမိ

သွားပြီး ထိတ်လန့်တကြား အော်လိုက်သည် ။

" မင်းက ဒုတိယအဆင့် ရောက်ကာစ မဟုတ်ဘူးလား.."

သို့သော် ဂူချန်က မည်သည့်စကားမှ ပြန်မပြောဘဲ အေးစက်သော လှောင်ပြုံးဖြင့်သာ တုံ့ပြန်လိုက်သည် ။

နောက်တစ်စက္ကန့်တွင် ပြင်းထန်သော နာကျင်မှုမှာ သူ၏ ဦးခေါင်းထိပ်အထိ တိုးဝင်သွားတော့သည် ။ ထိုအချိန်မှာပင် ကြောက်စရာကောင်းသော ဂွပ် ခနဲ အရိုးကျိုးသံကြီး ထွက်ပေါ်လာသည် ။

ဂူချန်က သူ၏လက်ကို အသာအယာ ညှစ်လိုက်ရုံမျှရှိသေးသော်လည်း မယုံကြည်နိုင်လောက်သော အားတစ်ခုမှာ ပေါက်ကွဲထွက်လာသည် ။

ရှီဟိုင်ဖုန်း၏ မာကျောသော တံတောင်ဆစ်

ရိုးမှာ ထိုအားအောက်တွင် အလွန်ပင် နုနယ် လွန်းနေပြီး ခဏချင်းမှာပင် မှုန့်မှုန့်ညက်ညက် ကြေမွသွားတော့သည်။

"အား း း း း း း း.."

ရှိုပိုင်ဖုန်းမှာ နာကျင်စွာ အော်ဟစ်ရင်း နောက်သို့ အသည်းအသန် ဆုတ်ရန် ကြိုးစား သော်လည်း သူ၏ တံတောင်ဆစ်မှာ သံညှပ်ကြီး နှင့် ညှပ်ထားသလို ခိုင်မြဲနေသဖြင့် မည်သို့မှ လှုပ်ရှား၍ မရချေ။

ဂူချန်သည် ဒုတိယအဆင့် ၆ သို့ ရောက်ရှိနေ ပြီ ဖြစ်သည်။ သူ၏ ကြိုးစားအားထုတ်မှုကြောင့် သူ၏ အခြေခံမှာ အလွန်ခိုင်မာလှပြီး ခန္ဓာကိုယ် ကြံ့ခိုင်မှုမှာလည်း သာမန် ဒုတိယအဆင့် ၆ ကျင့်ကြံသူများထက် အဆပေါင်းများစွာ သာလွန်နေသည်။

ဒုတိယအဆင့် ၃ သာရှိသော ရှိုပိုင်ဖုန်းမှာ သူ

နှင့် ယှဉ်ရန် အဝေးကြီး လိုနေသေးသည် ။

ထို့ပြင် သူသည် နေမင်းစကြာ ယန်ကျင့်စဉ်ကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်ထားသူဖြစ်၏ ။ သူ၏ လက်မောင်းထဲတွင် စုစည်းနေသော ယန်ချီများကြောင့် သူ၏ လက်မှာ ချီလင်တစ်ကောင်၏ လက်ကဲ့သို့ သန်မာနေတော့သည် ။

ခရမ်းရောင် နတ်ဆိုးမျက်လုံး၏ အားနည်းချက်ကို မြင်နိုင်သော စွမ်းရည်နှင့် ပေါင်းစပ်လိုက်သောအခါ အားအနည်းငယ်ကို သုံးပြီး ပြင်းထန်သော အားကို တုံ့ပြန်နိုင်ကာ တစ်ဖက်လူကို အလွယ်တကူ ဖမ်းချုပ်နိုင်ခြင်းမှာ သဘာဝပင် ဖြစ်သည် ။

ဂူချန်က ခပ်ပြင်းပြင်း ဆွဲလိုက်ရာ ရှီဟိုင်ဖုန်း၏ ခန္ဓာကိုယ်မှာ သူ့ဆီသို့ လွင့်ပါလာသည် ။ ထိုအချိန်တွင် ဂူချန်က အခြားလက်တစ်ဖက်

ကို ဆန့်ထုတ်ကာ လက်သည်းကဲ့သို့ ဖြန့်ပြီး ရှီဟိုင်ဖုန်း၏ မျက်နှာပေါ်သို့ အရှိန်ဖြင့် ရိုက်ချလိုက်သည် ။

" ဖြန်း.."

ရှီဟိုင်ဖုန်း၏ မျက်နှာမှာ ပြင်းထန်သော ရိုက်ချက်ဒဏ်ကို ခံလိုက်ရပြီး ရိုက်သံကြီးမှာ တစ်ခန်းလုံးကို ပဲ့တင်ထပ်သွားသည် ။ ထို့နောက် သူ၏ တစ်ကိုယ်လုံးမှာ မြေပြင်ပေါ်သို့ ပြင်းထန်စွာ ရိုက်မိသွားသည် ။

" ဘုန်း.."

ပျက်စီးနေသော ကြမ်းပြင်မှာ နောက်တစ်ကြိမ် ပြင်းထန်စွာ ပေါက်ကွဲထွက်သွားပြန်သည် ။ သူ၏ ဦးခေါင်းတစ်ခုလုံးမှာ ကျောက်ပြားများ ကြေမွနေသော ချိုင့်ခွက်ကြီးထဲသို့ မြုပ်ဝင်သွားပြီး ခန္ဓာကိုယ်မှာလည်း အရှိန်ကြောင့် မြေပြင်ပေါ်တွင် ပုံပျက်ပန်းပျက် လဲကျနေ၏ ။ အရိုးများ

အက်ကွဲသွားသည့် အသံမှာလည်း ကျောချမ်းစရာ ကောင်းလှသည် ။

ရှီဟိုင်ဖုန်းသည် သွေးတစ်လုတ် ထွေးထုတ်လိုက်ပြီး တစ်ကိုယ်လုံး ပျော့ခွေသွားတော့သည် ။

သို့သော်လည်း ထိုသည်က မပြီးသေး ။

ဂူချန်၏ ပုံရိပ်မှာ လျှပ်စီးအလား လှုပ်ရှားသွားပြီး ရှီဟိုင်ဖုန်းကို မြေပြင်ပေါ်တွင် ဆွဲကာ အရှိန်ပြင်းပြင်းဖြင့် လျှောတိုက်သွားတော့သည် ။

ထိုပြင်းထန်သော အားကြောင့် ရှီဟိုင်ဖုန်း၏ အလွန်မာကျောသော ဦးခေါင်းခွံမှာ ဘာကိုမဆို တိုက်ခိုက်ဖျက်ဆီးနိုင်သော တူကြီးတစ်လုံးအလား ဖြစ်သွားသည် ။ သူ ဖြတ်သွားသမျှနေရာတိုင်းတွင် ကြောက်စရာကောင်းသော ကြိတ်သံနှင့် အရိုးကြေသံများ ထွက်ပေါ်နေ၏ ။

ပြင်းထန်သော အက်ကွဲသံများနှင့်အတူ ကြမ်းပြင်တစ်ခုလုံးမှာ ခဏချင်း ရှုပ်ပွသွားပြီး သစ်သားစများနှင့် ကျောက်စများမှာ အရပ်ရပ်သို့ လွင့်စင်ကုန်သည်။

သူတို့၏ အနောက်တွင် မီတာပေါင်းများစွာ ရှည်လျားသော မြောင်းကြီးတစ်ခု ကျန်ရစ်ခဲ့သည်။

ဖုန်မှုန့်များနှင့် အပျက်အစီးများ ငြိမ်သွားချိန်တွင် ဂူချန်က မတ်မတ်ရပ်နေသည်ကို တွေ့ရပြီး သူ၏ ခြေရင်းတွင်မူ လုံးဝ မလှုပ်ရှားနိုင်တော့သော ရှီဟိုင်ဖုန်း ရှိနေသည်။

ရှီဟိုင်ဖုန်းသည် အနည်းငယ် တုန်ခါသွားပြီးနောက် လုံးဝ သတိလစ်သွားတော့သည်။

[ အိမ်ရှင်သည် အတန်းဖော်များ၏ အရိုးအကြောများကို ပြေလျော့အောင် ကူညီပေးပြီး အိပ်မပျော်သည့် ပြဿနာကို ဖြေရှင်းပေး

သည့်အတွက် စေတနာတန်ဖိုး +၈၀ ]

[ အိမ်ရှင်သည် အတန်းဖော်များ၏ ပိုင်ဆိုင်မှုများကို အခမဲ့ ကာကွယ်ပေးရန် အဖွဲ့အစည်းတစ်ခု တည်ထောင်ခဲ့သည်။ စေတနာတန်ဖိုး +၁ ]

[ အိမ်ရှင်သည် အခမဲ့ ကူညီပေးရန် အဖွဲ့အစည်း တည်ထောင်ခဲ့သည်...]

' ဒီကမ္ဘာက အထက်တန်းကျောင်းသားတွေကလည်း ငါ့အရင်က ကမ္ဘာက ကျောင်းသားတွေနဲ့ သိပ်မထူးပါဘူး..သူတို့လည်း အိပ်ရေးမဝကြဘူးပဲ ..ငါ့ကျေးဇူးကြောင့် သူတို့ အခုတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြီ..'

' ငါလေးက တကယ့်ကို လူကောင်းလေးပဲ.. '

ဂူချန်က အသာအယာ ခေါင်းမော့လိုက်ပြီး စာသင်ခန်းထဲရှိ လျူရှိုနှင့် အခြားသူများကို ကြည့်ကာ ပြုံးလျက် မေးလိုက်သည် ။

" နောက်ထပ် ဘယ်သူ စမ်းကြည့်ချင်သေး

လဲ.."

ဤသည်ကို ကြားလျှင် ကြောက်လန့်နေသော လူအုပ်မှာ ခေါင်းကို အသည်းအသန် ခါယမ်းကြ ပြီး သူတို့၏ မျက်နှာတွင် ငြင်းဆန်လိုသော အရိပ်အယောင်များဖြင့် ပြည့်နှက်နေသည်။

ဤသည်က ဟာသပြဇာတ်တစ်ပုဒ်နှင့်ပင် တူနေသေး၏။

သူတို့၏ ခေါင်းဆောင်ပင် တစ်ကွက်တည်းဖြင့် အလဲထိုးခံလိုက်ရလျှင် သူတို့မည်သို့ တိုက်ခိုက်ရဲပါမည်နည်း ။ ဒုတိယအဆင့်ကိုပင် မရောက်သေးသော သူတို့က မည်သို့ ယှဉ်နိုင်စွမ်း ရှိပါမည်နည်း။

တိုက်ပွဲမှာ အမှတ်မထင် တိုက်ခိုက်ခံလိုက်ရသောကြောင့် ဖြစ်နိုင်သော်လည်း ဤသည်က ဂူချန်၏ စွမ်းအားကို သက်သေပြဖို့ရန် လုံလောက်လေပြီ ။

" ဂူချန်က ဘယ်တုန်းက ဒီလောက်အထိ သန်မာသွားတာလဲ.."

လူအုပ်ထဲတွင် အံ့သြမှုနှင့် သံသယများ ပြည့်နှက်နေသည် ။

မနေ့က လုဖန်နှင့် တိုက်ပွဲတွင် မျှော်လင့်ထားသလို ဖြစ်ခဲ့လျှင် ယနေ့ ဂူချန် ရင်ဆိုင်ခဲ့ရသည်က ဒုတိယအဆင့် ၃ မှာ ရှိပြီး ကျင့်စဉ်နှင့် သိုင်းကွက် အဆင့်အတန်း မနိမ့်သော ရှီဟိုင်ဖုန်း ဖြစ်သည် ။

သို့သော်လည်း ရလဒ်ကတော့ အတူတူပင် ။ တစ်ကွက်တည်းဖြင့်အဆုံးသတ်သွား၏ ။ ရှီဟိုင်ဖုန်းမှာ ပြန်တိုက်ဖို့ရန် အခွင့်အရေးပင် မရလိုက် ။

' သူ့ရဲ့ ခွန်အားကို တချိန်လုံး ဖုံးကွယ်ထားတာလား ..'

' ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ ငါတို့ အားလုံး သွား

ပြီ..'

ဂူချန်သည် သူတို့လို သိုင်းမိသားစုက ဆက်သက်လာသူများကို တကယ်ကြီး အနိုင်ကျင့်ရဲလိမ့်မည်ဟု သူတို့ လုံးဝ မထင်ထားခဲ့ကြပေ ။

လူတိုင်း၏ ကြောက်လန့်နေသော မျက်နှာများကို ကြည့်ပြီး ဂူချန်လက်ယမ်းလိုက်ကာ လှောင်ပြုံးတစ်ခု ပြုံးလိုက်သည် ။

" ဒါဆိုရင်လည်း ပစ္စည်းတွေကို အဆင်သင့်ပြင်ထားပြီး လီကျိုရန်ဆီကို ပို့ပေးလိုက်ပါ..မဟုတ်ရင်တော့..."

သူသည် သူ၏ ခြေရင်းတွင် သတိလစ်နေသော ရှီဟိုင်ဖုန်းကို ခြေထောက်ဖြင့် အသာအယာ တွန်းလိုက်ပြီးနောက် လှည့်မကြည့်ဘဲ ထိုနေရာမှ ထွက်ခွာသွားတော့သည် ။

' ဒီအာချောင်တဲ့ ခွေးကိုတော့ ရိုက်ပြီးပြီ..နောက်ထပ်ကတော့ အကျိုးအမြတ်ရမှာကို

ထိုင်စောင့်ယုံပဲ..'

***